# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၂၂ - ၁ - ၂၀၁၃ ]

## ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **နိုင်ငံတော်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြည်ပတွင် မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်ထားရှိရာတွင် သံရုံး/ ကောင်စစ်ဝန်ရုံးသစ်များ ဆက်လက် ဖွင့်လှစ်သွားမည့် အစီအစဉ်နှင့် အာဆီယံနိုင်ငံများမှ ဖွင့်လှစ်ထားသည့် သံရုံးများ အရေအတွက်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ရာ မသန်စွမ်းသူတို့နှင့် အသိဉာဏ်ခံစားမှု မသန်စွမ်းသူတို့၏ စစ်တမ်းကို ထည့်သွင်းကောက်ယူရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **တနင်္သာရီတိုင်းနှင့် ကော့သောင်းခရိုင်အတွင်း တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် အားကစားမှူးတစ်ဦးစီ ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှု ရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

( ခ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ဂ ) ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(ဃ) ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

၁၀။ ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရှေးခေတ်မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ကျေးလက်ဗဟိုပြု ရွာဦးဘုန်းတော်ကြီးကျောင်း ပညာရေးစနစ် အဆင့်မြှင့်တင်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျေးလက်နေပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၃။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာ်ခြင်း။